**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၊ ၁/၂၀၂၅**

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် **"ရန်ပုံငွေရရှိသုံးစွဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့"** တို့အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ရန်ပုံငွေရရှိသုံးစွဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဦးဇော်နိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းဆွေ<br>ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒေါ်ပပကျော်<br>ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်ချောစုအောင်<br>ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၅) | ဦးသန့်ဇင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) **ရန်ပုံငွေရရှိသုံးစွဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ** အောက်ပါအတိုင်းဖြစ်သည်-

(၁) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသောချေးငွေများ ရရှိနိုင်ရေး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(၂) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေတစ်ရပ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(၃) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်က ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပ ငွေကြေးအဖွဲ့အစည်းများမှ အကူအညီရရှိငွေ၊ အလှူရှင်များက လှူဒါန်းငွေ၊ မိမိဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်ခရရှိငွေတို့နှင့် ထူထောင်ထားရှိခြင်း၊

(၄) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ငွေကြေးကျခံသုံးစွဲခြင်း၊

(၅) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ရရှိသုံးစွဲမှုနှင့် ထုတ်ချေးမှုအခြေအနေများကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(၆) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ ပေးအပ်သော တာဝန်များ ထမ်းဆောင်ခြင်း။

(ဂ) **ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့**

| | | |
|---|---|---|
| (၁) | ဦးဝင်းနိုင်ဦး<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်မြတ်သီတာမင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(၃) ဦးမျိုးမြင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၄) ဒေါ်လှထွေးမော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(၅) ဦးဇော်မိုးအောင် အဖွဲ့ဝင်
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံဘဏ်များအသင်း

(၆) ဦးနိုင်လင်း အဖွဲ့ဝင်
ဒုဟိုအလုပ်အမှုဆောင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၇) ဦးခင်မောင်ညွှန့် အတွင်းရေးမှူး
အထွေထွေမန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(ဃ) **ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ** အောက်ပါအတိုင်းဖြစ်သည်-

(၁) အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အတိုးသက်သာစွာ သတ်မှတ်သော အထူးချေးငွေတစ်ရပ်နှင့် ပြည်တွင်းပြည်ပဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများမှ ရရှိနိုင်သည့် အတိုးမဲ့ချေးငွေ၊ အတိုးသက်သာသော ချေးငွေ၊ ချေးငွေတစ်ရပ်ရပ်ကို ရယူပြီး သက်ဆိုင်ရာ ဘဏ်များမှတစ်ဆင့် မှတ်ပုံတင်ထားရှိသော အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်ချေးယူနိုင်ရန် စီစဉ်ပေးခြင်း၊ အသိအမှတ်ပြုပေးခြင်း၊

(၂) အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေ၊ ပြန်လည်ပေးဆပ်စရာမလိုသော အကူအညီငွေများရရှိရန်အတွက် အထောက်အကူပြုရန် Myanmar Credit Bureau (MMCB) မှ အချက်အလက်များကို ရယူဆောင်ရွက်ခြင်း၊

(၃) အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများ ကာကွယ်နိုင်ရန်အတွက် ယခင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၄) ချေးငွေထုတ်ချေးမှုအခြေအနေ၊ ချေးငွေပြန်ဆပ်၊ ကောက်ခံရရှိမှုအခြေအနေများကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သို့ လစဉ်အစီရင်ခံတင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း၊

(၅) ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

(င) **ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့**

(၁) ဦးသိန်းဆွေ — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၂) ဒေါက်တာသန်းသန်းစိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၃) ဒေါ်လှသန္တာ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(၄) ဒေါ်ငုငုဝါ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(၅) ဒေါက်တာထွန်းထွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၆) ဦးဟန်ထွန်းဇော် (ခ) ဦးကျော်ဇာထွန်း အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၇) ဦးမျိုးမြင့် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(စ) **ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ** အောက်ပါအတိုင်း ဖြစ်သည်-

(၁) ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော အဖွဲ့အစည်းများနှင့် မှတ်ပုံတင်ထားရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(၂) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(၃) ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၂။ ယခင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ ၆-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၃ ကို ဤအမိန့် ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

စာအမှတ်၊ ရန်ပုံငွေ/ MSME ( ၁၁၅ / ၂၀၂၅)
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်

**ဖြန့်ဝေခြင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်များအားလုံး

ရန်ပုံငွေရရှိသုံးစွဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင်များအားလုံး

ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များအားလုံး

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များအားလုံး

မိတ္တူကို

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ

ပြည်ထောင်စုဝန်ကြီးရုံး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

ရုံးလက်ခံ

အမိန့်အရ

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ

ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့